# သာမန်ကာလ (၃၂)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၁၂း၃၈-၄၄

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်း ရှင်မာကု ၁၂ မှာ ယေဇူးဘုရားရှင်က ကျမ်းတတ်ဆရာများကို သတိပြုကြလော့ တဲ့။ သူတို့က ဘာသာရေး အကြောင်းပြပြီး ကိုယ်ကျိုးအတွက် အမြတ်ထုတ်တတ်ကြလို့ ဖြစ်ပါတယ်။ သူတို့လုပ်တဲ့ အပြုအမူတွေကလည်း လူတွေက သူတို့ကို အထင်ကြီးအောင် ဘုရားတရားအလုပ်တွေကို လုပ်ပြကြတယ်။ ဂုဏ်သိက္ခာရှိတဲ့ ဝတ်ရုံရှည်ကို ဝတ်ထားတတ်ကြတယ်။ လူရှေ့သူရှေ့မှာ နှုတ်ဆက်တာ ခံချင်ကြတယ်။ တရားဇရပ်နဲ့ ပွဲအခမ်းအနားတွေမှာ သူတို့က ဂုဏ်ရှိတဲ့နေရာမှာ ထိုင်ချင်ကြတယ်။ မုဆိုးမတွေရဲ့ အိုးအိမ်ပစ္စည်းတွေကိုတော့ မတရားသိမ်းယူပြီး လူမြင်ကောင်းအောင် အကြာကြီးဆုတောင်းပြတတ်ကြတယ်။ သူတို့က လူတွေကို လမ်းကောင်းပြရမည့်အစား လမ်းမှားစေတဲ့အတွက်ကြောင့် သူတို့ ခံရမည့်ဒဏ်က ကြီးလေးတယ်။

ကျမ်းစာထဲမှာ ယေဇူးဘုရားရှင်က အပြစ်ရှိတဲ့သူတွေကို အခုလို မငေါက်ငမ်းဖူးပါဘူး။ သူတော်ကောင်းယောင်ဆောင်တဲ့သူတွေကိုသာ ငေါက်ငမ်း အပြစ်တင်ပြောဆိုခဲ့တာပါ။ သူတစ်ပါးကို လမ်းကောင်းပြရမည့် သူတွေက သူတစ်ပါးကို လမ်းမှားရောက်အောင်လုပ်တာကို ယေဇူးဘုရားရှင်က အမုန်းဆုံးပါပဲ။ အဲ့လိုလူရဲ့လည်ပင်းမှာ ကြိတ်ဆုံကျောက်ဆွဲပြီးတော့ ပင်လယ်ထဲချစရာကောင်းတယ်လို့ မိန့်တော်မူခဲ့တာကိုလည်း ပြန်သတိယကြပါ။ ကျနော်တို့လည်း ဘာသာတရားကျင့်ဆောက်တည်ကြတဲ့အခါ လူတွေမြင်အောင်၊ လူတွေက ကိုယ့်ကို အထင်ကြီးအောင်ဆိုတဲ့ ရည်ရွယ်ချက်မျိုး မထားပဲ ဘုရားကို ချစ်တဲ့စိတ်နဲ့ အရာရာကို ပြုလုပ်ရပါမယ်။

ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာမှာ မိုးခေါင်တာ ၃ နှစ်ကျော်ရှိနေပြီ ဖြစ်လို့ တစ်တိုင်းပြည်လုံး အစာရှားပါးနေတဲ့ကာလမှာ ပရောဖက် ဧလိယက မုဆိုးမတစ်ဦးထံ သွားပြီး သူ့ကို စားစရာကျွေးဖို့ တောင်းဆိုခဲ့ပါတယ်။ မုဆိုးမကိုယ်တိုင်မှာလည်း သူနဲ့သူ့သားလေးအတွက် ဒီ တစ်နပ်စာပဲ ကျန်တော့တာပါ။ ဒီတစ်နပ် စားပြီးရင် အိုးထဲမှာလည်း မုန့်ညက် မကျန်တော့ဘူး။ ဗူးထဲမှာလည်း ဆီ မကျန်တော့ဘူး။ ဒီတစ်နပ်ကို သူတို့က မစားပဲ ပရောဖက် ဧလိယကို ကျွေးလိုက်ရင် သူတို့သားအမိ ငတ်သေဖို့ပဲ ရှိတော့တယ်။ ဒီအခါ ပရောဖက် ဧလိယက "မစိုးရိမ်နှင့်။ သင်ဆိုသည့်အတိုင်း သွား၍ပြုလုပ်လော့။ သို့ရာတွင် ငါ့အဖို့ မုန့် အရင်လုပ်ပြီးယူခဲ့ပါလော့။ နောက်မှ သင်တို့ သားအမိအဖို့ လုပ်လော့။ ထာဝရဘုရား မိန့်တော်မူသည်ကား ထာဝရဘုရားသည် မြေပေါ်မှာ မိုးရွာစေတော်မမူမှီတိုင်အောင် အိုး၌ရှိသောမုန့်ညက်မကုန်။ ဗူး၌ရှိသောဆီ မလျော့ရ ဟု မိန့်တော်မူကြောင်းကို ဆင့်ဆို၏။"

ဒါနဲ့ မုဆိုးမလည်း ပရောဖက်မှတစ်ဆင့်ကြားရတဲ့ ထာဝရဘုရားရဲ့ စကားကို ယုံပြီးတော့ ပရောဖက်ကို အရင် ကျွေးလိုက်ပါတယ်။ ဒီအခါ ဘုရားသခင်ရဲ့ ဂတိတော်အတိုင်း မုဆိုးမရဲ့အိမ်မှာ မိုးခေါင်သမျှကာလပတ်လုံး ဆန်လည်း မကုန်၊ ဆီလည်း မခမ်းတော့တဲ့ ဆုကျေးဇူး ခံစားရပါတယ်။ ဘုရားကို ယုံကြည်နာခံလို့ ရတဲ့ ဆုကျေးဇူး ဖြစ်ပါတယ်။

ယနေ့ ဘုန်းကြီး ဖတ်သွားတဲ့ဧဝံဂေလိကျမ်းစာမှာ ဗိမာန်တော်အလှူခံသေတ္တာထဲသို့ အလှူငွေများ ထည့်နေကြတာကို ယေဇူးဘုရားရှင်က ကြည့်နေပါတယ်။ ချမ်းသာတဲ့သူတွေက ငွေအမြောက်အမြားထည့်ဝင်ကြတယ်။ ဆင်းရဲတဲ့မုဆိုးမ တစ်ယောက်ကတော့ တစ်ပဲနှင့် ညီမျှတဲ့ကြေးနီပြားနှစ်ပြားကို ထည့်ခဲ့ပါတယ်။ ဒီအခါ ယေဇူးဘုရားရှင် မိန့်တော်မူတာက "အလှူခံ

သေတ္တာထဲ၌ ထည့်ဝင်ကြသောလူအားလုံးထက် ဤဆင်းရဲသူမုဆိုးမသည် ပို၍ထည့်ဝင်ခဲ့၏။” တဲ့။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခြားသူတွေက သူတို့ ပိုလျှံတဲ့ငွေထဲက ထည့်ကြတယ်။ ဒီမုဆိုးမကတော့ မရှိဆင်းရဲတဲ့ကြားက သူ့ဝမ်းစာအတွက် ရှိသမျှကို ထည့်ဝင်လို့ဖြစ်ပါတယ်။

ဘုရားရဲ့ရှေ့မျက်မှောက်မှာ ငွေအနည်းအများက အရေးမပါပါဘူး၊ သဒ္ဒါရက်ရောတဲ့စိတ်ကသာ အရေးပါပါတယ်။ ဒီလိုပဲ ကျမ်းစာကို ဖတ်လေလေ၊ ဘုရားရဲ့စိတ်သဘောထားကို သိရလေလေပါပဲ။ အားလုံးကောင်းစားရေးကို လုပ်ပေးနေတဲ့အစေခံက အားလုံးထက် ပိုပြီးကြီးမြတ်တဲ့သူ ဖြစ်တယ် လို့ ဘုရားက သဘောထားပါတယ်။ သိုး (၉၉)ကောင်ထက် လမ်းလွဲပျောက်ဆုံးနေတဲ့သိုးတစ်ကောင်က ပိုပြီး အရေးပါတယ်လို့ ဘုရားက သဘောထားပါတယ်။ လောကက (၃)ကြိမ်၊ (၄)ကြိမ်လောက် ခွင့်လွှတ်ဖို့တောင် များနေပြီလို့ သဘောထားကြပေမဲ့ ဘုရားရဲ့ သဘောထားကတော့ အကြိမ်ပေါင်းများစွာ ခွင့်လွှတ်ဖို့ စိတ်သဘောထားကြောင်း သိရပါတယ်။

ဘာသာသူတို့ ကောင်းကင်ဟာ မြေကြီးအထက် မြင့်သလို ဘုရားရဲ့ စိတ်သဘောထားက ကျနော်တို့လူသားတွေရဲ့ စိတ်သဘောထားထက် ပိုပြီး မြင့်မြတ်တာကြောင့် ဘုရားရဲ့စိတ်သဘောထားနဲ့ ထပ်တူဖြစ်အောင် ကျနော်တို့ရဲ့စိတ်သဘောထားများကို ပြုပြင်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။